အောက်ကျင်းကျေးရွာ
ခရမ်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၉-၂၀၂၄)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အောက်ကျင်းကျေးရွာ၊
ခရမ်းမြို့နယ်

၂၀၂၀ ခုနှစ် ဧပြီလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

အောက်ကျင်းကျေးရွာသယံဇာတပြဇြေပုံ၊ ခရမ်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်ဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အောက်ကျင်းကျေးရွာ
ခရမ်းမြို့နယ်

အောက်ကျင်းကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုဖော်ပြထားပါသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပုဂ္ဂလိကကဏ္ဍ ဘဏ်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်းနှင့်အသုံးဝင်ရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်အဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီးခရမ်းမြို့နယ်၏ အရှေ့ဘက်(၁၀)မိုင်အကွာ၊ပဲခူးတိုင်းဒေသကြီး၏နယ်မြေနှင့် ဆက်စပ်လျက်ရှိပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ ခရမ်းမြို့နှင့်သွားလာရာ

အနည်းငယ်ခက်ခဲသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများဖြစ်သည်။ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၈၀)မှ (၁၀၀)ပန်းကျင်တွင် ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်အထောက်အကူပြုသည် ။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီးရွာတည်ပုံမှာ ရွာစုဝိုင်းပုံစံဖြစ်သည်။အနီးတစ်ဝိုက်တွင်မြစ်ချောင်း၊အင်းအိုင် ကြီးကြီးမားမားမရှိခြင်းတောတောင်ကုန်းမြင့်များ မရှိသောကြောင့် သစ်တောလုပ်ငန်းမရှိပါ ။ ပင်လယ်နှင့်အနည်းငယ်ဝေးသဖြင့် ဒီရေအတက်အကျမရှိပါ။ထို့ကြောင့် ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ ရွာချောင်းပျောက်တစ်ခုသာရှိသဖြင့် စိုက်ပျိုးရေးတွင်အဓိကမိုးရေကိုသာ အားထားရသည် ။ ရေကြီးခြင်း မိုးခေါင်ခြင်းစသည့်ရာသီဥတုဒဏ်၊ငလျင်ဒဏ် ၊မြေပြိုခြင်းနှင့် မုန်တိုင်းအန္တရာယ်စသည့်သဘာဘေးအန္တရာယ်များလည်းကင်းရှင်းပါသည်။ ရာသီဥတုမျှတသဖြင့်စပါးနှင့်ပဲစိုက်ပျိုးမှု အသင့်အတင့်အောင်မြင်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိပါသည်။ မြေပြန့်ဒေသဖြစ်၍ မြေဩဇာအသင့်အတင့်ကောင်းပါသည်။ ရွာကန်နှင့် အိမ်သုံးကန်များမှ ရေသုံးစွဲမှုရှိပါသည်။ မြေအောက်ရေသုံးစွဲမှုနည်းပါသည်။ လယ်ဧက(၁၂၀၄)ဧကသည် စပါးစိုက်ဧကဖြစ်ပြီး(၁၁၈၄)ဧကသည်ပဲစိုက်ဧကဖြစ်သည်။ သဘာဝသံယံဇာတများမထွက်ရှိပါ။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၄၆) အိမ်ထောင်ရှိပြီး၊ကျား (၇၃၈)နှင့် မ(၈၀၃)ဦးဖြင့် လူဦးရေပေါင်း (၁၅၄၁)ဦးရှိပါသည်။ နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၄.၅)ရာခိုင်နှုန်းခန့်ရှိပြီးဗမာလူမျိုးအများဆုံးနေထိုင်ပါသည်။အလုပ်လုပ်နိုင်သောအရွယ်မှာ (၆၅.၃)ရာခိုင်နှုန်းဖြစ်၍ လူသားအရင်းအမြစ်ကောင်းပါသည်။ အလုပ်လုပ်နိုင်သောအရွယ်မှ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၈၅%သည် အဆင့်(၃)နှင့်အဆင့်(၄)ဖြစ်ပြီး(၂.၉%)သည် အဆင့်(၁)ဖြစ်ပြီး (၂၁.၁%)သည် အဆင့်(၂)ဖြစ်ပါသည်။ လယ်ယာမြေပိုင်ဆိုင်မှုအနည်းအများပေါ်တွင်မူတည်ပြီး စီးပွားရေးကိုခန့်မှန်းပြလျှင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု ရှိသူများနှင့် ချမ်းသာသောလယ်သမားအနည်းစုသာလျှင် စီးပွားရေးကောင်းမွန်ကြသည်။ အခြားအိမ်ထောင်စုအချို့သည် လက်သမား၊ပန်းရံ၊ကြက်၊ဘဲ၊ဝက်၊ဆိတ်၊နွား စသည့်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြပြီးအချို့မှာ လက်လီလက်ကားရောင်းဝယ်ရေးနှင့် အစိုးရဝန်ထမ်းလုပ်ကိုင်ကြသူများသည်စီးပွားရေးအသင့်အတင့် ပြေလည်

ကြသည်။ လက်လုပ်လက်စား၊ မြေယာမဲ့၊ကျပန်းလုပ်ကိုင်စားသောက်သူအိမ်ထောင်စု အရေအတွက်မှာ (၃၇.၆%)ရှိပါသည်။ ဝင်ငွေနှင့်ထွက်ငွေမမျှတမှုကြောင့်ဆင်းရဲသောအိမ်ထောင်စုများပြားပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်းရာသီအလိုက်လယ်ယာလုပ်ငန်းတွင် စိုက်ပျိုးရေးအလုပ်သမား ၊ဆောက်လုပ်ရေး၊စက်ချုပ်၊ဈေးရောင်း၊တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ စာရင်းငှား၊နေ့စား စသည့်လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်ရရှိကြသည်။အဆင့်(၃)နှင့် အဆင့်(၄)အိမ်ထောင်စုများမှာ ၃၀% ဖြစ်ပြီး အိမ်ထောင်စုအရေအတွက် (၈၈)စုကို လေ့လာစစ်ဆေးမှုအရ ဥစ္စာဓန(၃)နှင့် (၄) အိမ်ထောင်စုများတွင်သုံးလအောက်ချေးငှားခြင်းမရှိဘဲတစ်နေ့နှစ်နှပ်စားနိုင်သောအိမ်ထောင်စု များမှာ နေ့စဉ်လုပ်အားခရရှိသာ စားသုံးနိုင်သည်ကိုတွေ့ရသည်။ နေ့စဉ်အလုပ်ပုံမှန်မရသောအခါများတွင်လည်း အလုပ်ရှင်များထံမှ ကြိုတင်၍လုပ်အားခများကိုထုတ်ယူသုံးစွဲကြရသည်။မုဆိုးမဦးဆောင်သော အလွန်ဆင်းရဲသောအိမ်ထောင်စုနှစ်စုရှိပြီးထိုအိမ်ထောင်စုမှာမိသားစုဦးရေများပြားသည်။ ကျန်အမျိုးသမီးဦးဆောင်သောဆင်းရဲသော အိမ်ထောင်စုများတွင် ဆင်းရဲနွမ်းပါးမှုရှိသော်လည်း မိသားစုဝင်ငွေများမှ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်သူများရှိသဖြင့် စားဝတ်နေရေးအသင့်အတင့် ရှိသည်။ သက်ကြီးရွယ်အိုများမှာ သားသမီးထောက်ပံ့ကျွေးမွေးမှုကြောင့်အတော်အသင့် အဆင်ပြေပါသည်။လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် မိုးရာသီတွင် ရွာသားအချို့ဆိုင်ကယ်မတော်တဆဖြစ်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာရမှုများရှိသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ကျေးလက် ကျန်းမာရေးဆေးပေးခန်းရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအသင့်အတင့်ရှိပါသည်။ သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိသည်။ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို လစဉ်ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းကြောင့်ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ပါသည်။ ဝမ်းပျက်ဝမ်းလျော ၊သွေးလွန်တုတ်ကွေး၊ငှက်ဖျားရောဂါများမှာ ရာသီအလိုက် ဖြစ်ပွားမှုအသင့်အတင့်တွေ့ရပြီး အခြားအသက်ရှူလမ်းကြောင်းကူးစက်ရောဂါ ၊ HIV၊AIDS ၊အသဲရောင်ရောဂါနှင့် ဖြစ်ပွားမှုနည်းပါးသည်။ကျေးရွာတွင် ဆီးချိုနှင့်သွေးတိုးရောဂါဖြစ်ပွားမှုများပြားသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျား(၁၇)ဦး၊မ (၄၅)ဦးစုစုပေါင်း (၆၂) ဦးရှိပြီး ရာခိုင်နှုန်းမှာ ၄.၇% ရှိသည်။ တက္ကသိုလ်ပညာပြီး ဆုံးသူဦးရေနည်းပါးနေသေးသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ ကျား(၃၀၆)ဦးနှင့် မ(၃၆၅)ဦးရှိကာ မိန်းကလေးဦး ရေမှာ အမျိုးများထက်(၅၉)ဦးပိုသာသည်ကိုတွေ့ရသည်။အလယ်တန်းပညာနှင့်အထက်တန်း ပညာပြီးဆုံးသူဦးရေမှာ အမျိုးသမီးထက် အမျိုးသားဦးရေပိုသည်ကိုတွေ့ရသည်။ တက္ကသိုလ်ပညာပြီးဆုံးသူဦးရေမှာ ကျား(၁၇)နှင့် မ(၄၅)ဦးရှိရာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် (၂၈)ဦးပိုသည်။

ကျေးရွာတွင် နေ့တွက်လုပ်အားခငွေမှာ အမျိုးသားတစ်ဦးလျှင်(၅၀၀၀)ကျပ်၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ရရှိကာ အမျိုးသမီးလုပ်အားခမှာ အမျိုးသားများထက်လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား၊မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့်စီးပွားရေးဆိုင်ရာ(၂)ဖွဲ့တို့ရှိသည်။ယင်းအဖွဲ့များအနက်လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့်မိခင်နှင့် ကလေးအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းနေသည်။ သိရိဝတ္တဏာ အသင်းလူမှုရေးအဖွဲ့မှာ ကျေး ရွာအတွင်းရှိ သာရေး၊နာရေးကိစ္စများတွင် ဘက်ပေါင်းစုံမှပါဝင်ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။သမအသင်းနှင့်မြစိမ်းရောင်အဖွဲ့များကိုကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းပြီးငွေစုငွေချေးလုပ်ငန်းများကိုလည်ပတ်ဆောင်ရွက်လျက်ရှိသည်။ကျောင်းကော်မတီအဖွဲ့ သည်ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် သင့်တင့်စွာပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။ မိဘဆရာအသင်းမှာ ကျောင်းသားမိဘများနှင့်ဆရာများပူးပေါင်း၍ ကျောင်းသားများ၏ပညာရေးတိုးတက်မှုကို ဆောင်ရွက်ရာတွင် သင့်တင့်မျှတမှုရှိသည်။ ဂေါပကနှင့်သဟဗုညကာရီအသင်းသည်ကျေးရွာတွင်းရှိ ဘာသာရေးနှင့်ယဉ်ကျေးမှုများ တိုးတက်အောင်ဆောင်ရွက်ပေးသောအဖွဲ့ဖြစ်သည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားပူးပါင်းဆောင်ရွက်မှု

ရှိပြီးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိပါက ယခုထက်မကပိုမိုအား ကောင်းလာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်ပဲကိုအဓိကထားစိုက်ပျိုးကြသည်။မိုစပါးစိုက်ဧက(၁၂၀၄)နှင့်ပဲစိုက်ဧက (၁၁၈၄)ဧက စိုက်ပျိုးကြသည်။စပါးအထွက်နှုန်းမှာ တစ်ဧကလျှင်အနည်းဆုံးတင်း(၄၀) နှင့်အများဆုံး တင်း(၇၀)ပျမ်းမျှ (၅၅)တင်းအထိ ထွက်ရှိကြသည်။ ပဲထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၁၀)တင်း အများဆုံး (၂၀)တင်းနှင့် ပျမ်းမျှ(၁၅)တင်းထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများအားနည်းပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှ တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်း ခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီးလုပ်အားခပိုမိုပေးမှ အလုပ်သ မားများကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားရသည်။ကုန်ကျစရိတ်မြင့်တက်မှုတို့ကို လျော့ ချနိုင်ရန်စပါးစိုက်ရာတွင် စိုက်ခင်းများထက်ကြဲခင်းများကိုပိုမိုစိုက်ပျိုးကြသည်။ ရိတ်သိမ်းချိန်တွင် လည်းနည်းပညာ တိုးတက်လာသည်နှင့်အမျှရိတ်ခြွေစက်များကို ပိုမိုအသုံးပြုလာကြသည်။တောင် သူများသည် တခါတရံတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်ပျက်စီးမှုများကြုံတွေ့ရသည်။ ပဲစိုက်ခင်း များတွင်ဖျက်ပိုးကျရောက်မှုကို တွေ့ရပြီးယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကိုခံနိုင်စွမ်းရှိ ကြသဖြင့် တောင်သူများအနေဖြင့် ဖျက်ပိုးနိမ်နှင်းရေးနည်းစနစ်များကိုလိုလားကြသည်။

ကျေးရွာတွင် ဂက်နှင့်ကြက်မွေးမြူကြသောအိမ်ထောင်စုများပြားပြီးစီးပွားဖြင့်သီးသန့်မွေး မြူခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောတိရိစ္ဆာန်ရောဂါ များကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုပိုင်းဆိုင်ရာတွင်လည်း အား နည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စု များကမွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေနှင့်အရင်းအနှီးမလုံလောက် သဖြင့် အခက်အခဲရှိသည်။ ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူ ရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းနှင့်ပန်းရံလက်သမားလုပ်ကိုင်သူအနည်းငယ်ရှိသည်။
လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန် ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျှော့စသည်တို့သည်သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်းရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါး ကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီးသင်တန်းစ ရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။စိုက်ပျိုးမွေးမြူရေးမဟုတ် သောလုပ်ငန်းများအတွက်အခွင့်အလမ်းနည်းပါးပြီးငွေအရင်းအနှီးမတတ်နိုင်မှုများကိုတွေ့ရှိရသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်ပဲမှအပအခြားသံယံဇာတမထွက်ရှိပါ။ ပဲစိုက်ခင်းများတွင်ဖျက်ပိုး များကျရောက်မှုပိုမိုများပြားလာခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ အော်ဂဲနစ်ဆေးပစ္စည်းသုံးစွဲမှုမှာလည်းအလွန်နည်း ပါးသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလက်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်တွင်လည်းကျန်းမာရေးနှင့်မကိုက်ညီဘဲမြေဆီလွှာများလည်း ပျက်စီးဆုံးရှုံးရသည်။နည်းပညာဗဟုသုတနှင့်ပတ်သက်သော အသိပညာများအားနည်းနေပါသည်။ သို့ဖြစ်၍သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကိုလည်းမြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ကျေးရွာသည်မြေမြင့်ပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းမိုးမှုမရှိပါ။ ကုန်းတွင်းပိုင်းဒေသဖြစ် ခြင်းကြောင့်လည်း မုန်တိုင်းအန္တရာယ်တို့နည်းပါးသည်။ ငလျင်ဒဏ်နှင့် အခြားရာသီဥတုဒဏ်များ မှာလည်းတခါတရံသာရှိတတ်ပြီး ပြင်းထန်သောအန္တရာယ်များမကျရောက်ပါ။ ရာသီဥတုမမှန်ခြင်း သည် သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်သည်။

အထက်ပါအကြောင်းအရာများကိုခြုံကြည့်လျှင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်အားနည်းနေ သေးသည်ကိုတွေ့ရှိရသည်။ တောင်သူဦးကြီးများအနေနှင့်လည်း မိမိသုံးစွဲပြီးသောပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။ စိုက်ပျိုးနည်းပညာနှင့်ပတ်သက်သော သင်တန်းများဟောပြော မှုသင်တန်းများကိုလည်းထိထိရောက်ရောက်ပို့ချသင့်ပါသည်။ပတ်ဝန်းကျင်အနေအထားကိုကြည့် လျှင် ရာသီဥတုဒဏ်များပြင်းထန်စွာမခံရသောကြောင့် သင့်တင့်သောအရပ်ဒေသဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ၆ရာပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သိန်း(၃၀၀)ကျပ်ကို ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ၂၀၁၅-၂၀၁၆ မှစ၍ ချပေးခဲ့ပါသည်။ ကျေးရွာတွင်အဖွဲ့ဝင်(၇)ဦးဖွဲ့၍ အတိုးနှုန်း

(၁.၅)ကျပ်ဖြင့် (၆)လတစ်ကြိမ် သင့်တင့်မျှတအောင်ချေးငှားခဲ့ပါသည်။ လုပ်ငန်းပိုင်းတွင်လည်း အသင့်အတင့်အောင်မြင်ပါသည်။ သမအသင်းမှလည်း အသင်းဝင်တစ်ဦးလျှင် သုံးသိန်းကျပ်အား (၁.၅)ကျပ်အတိုးနှုန်းဖြင့် အသင်းသား (၁၆၀) ကို(၆)လတစ်ကြိမ်ချေးပေးသော ငွေစုငွေချေးစနစ်ဖြင့်ချေးယူကြသည်။ စည်းကမ်းပိုင်းတွင်တင်းကြပ်ထားပါသည်။ တချို့အိမ်ထောင်စုများမှာမိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်း (၃/၄/၅)ကျပ်ဖြင့်ချေးယူကြရသည်။

ကျေးရွာသားအများစုသည်ချေးငွေကိုအကြောင်းရင်းမျိုးစုံ(စိုက်ပျိုးရေး၊ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းထူထောင်ရန်)တို့အတွက် အထူးသဖြင့်စားနပ်ရိက္ခာ၊ပညာရေး၊ကျန်းမာရေး အတွက်ချေးယူကြခြင်းဖြစ်သည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာစမ်းစစ်ချက်အရပါဝင်သောအဆင့် (၃)နှင့်ဆင့်(၄)အိမ်ထောင်စုအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ တစ်သိန်းကျပ်မှ သုံးသိန်းကျပ် အထိချေးယူထားကြောင်းတွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းအရွယ်အစားမှာ(၁၃၅×၃၀×၁၂')ရှိပြီးသွပ်မိုး၊ပျဉ်ကာသမံတလင်း၊အလယ်တန်းကျောင်းအရွယ်အစားမှာ (၂၁၀×၃၀×၁၂')သစ်သား၊အုတ်ညှပ်၊သမံတလင်းနှင့် အထက်တန်းကျောင်းအရွယ်အစားမှာ (၉၀×၃၀×၁၂') H ဘင့်အုတ်ညှပ် (၁၁၀×၃၀×၉')သွပ်မိုး၊ပျဉ်ကာ၊သမံတလင်းဖြစ်ပြီး ကျောင်းပရိဘောဂမှာ အသင့်အတင့်ရှိပြီးကျောင်းအိမ်သာအခြေအနေကောင်းမွန်သည်။ကျောင်းအဟာရတိုက်ကျွေးမှုမှာ တစ်နှစ် (၃)ကြိမ်ရှိပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ (၂.၂%)ရှိပြီး ကျန်ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၉.၈%)မှာ ဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။မူလတန်းပညာမပြီးဆုံးသူဦးရေ(၁၀.၇%)ရှိပြီး မူလတန်းအောင်ရာခိုင်နှုန်းမြင့်မားပြီး (၅၀.၉%)ရှိသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် မူလတန်းထက်အလယ်တန်းနှင့်အထက်တန်းတွင်ပိုများသည်။ အထက်တန်းကျောင်းဖြစ်သည့်အတွက်အနီးအနားရှိကျေးရွာများမှ လာရောက်ပညာသင်ယူနေသောကျောင်းသူကျောင်းသားများရှိခြင်းကြောင့်အလယ်တန်းနှင့် အထက်တန်းတို့တွင် ပိုများနေခြင်းဖြစ်သည်။ မူလတန်းပြဆရာမ(၅)ဦး အလယ်တန်းတွင် ဆရာ/မ(၈)ဦးနှင့် အထက်တန်းဆရာ/မ(၁၁)ဦးတို့ရှိကြသည်။ ကျောင်းတွင်ရုံးဝန်ထမ်း(၆)ဦးကွန်ပျူတာဆရာမ (၁)ဦးနှင့် ကာယဆရာ(၁)ဦးရှိပါသည်။ ကျောင်းတွင်တပည့်ဆရာအချိုး(၃.၄၈)ရာခိုင်နှုန်းရှိပြီး မူလတန်းတွင် အစိုးရခန့်(၃)ဦးသာရှိသည်။ ကျန်(၂)ဦးမှာ နေ့စားလပေးဆရာမများဖြစ်သည်။သို့ဖြစ်၍ မူလတန်းတွင်ဆရာ/မ အားနည်းနေသေးသည်။ကျောင်းဖွင့်ရာသီတွင် တစ်ကျောင်းလုံးအတွက်ပြဋ္ဌာန်းစာအုပ်များကို အခမဲ့ပံ့ပိုးခဲ့သည်။မြို့နယ်မှ KG ကလေးများအတွက် ကျောင်းဝတ်စုံနှင့်နိုင်ငံတော်မှအထောက်အကူပြုပစ္စည်းများကို သင်တန်းကာလတွင်ပေးအပ်ခဲ့သည်။ ပုဂ္ဂလိကအလှူရှင်များမှလည်းကျောင်းဝတ်စုံ၊ထီး၊လွယ်အိတ်နှင့် စာအုပ်များလှူဒါန်းပေးသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ သားဖွားဆရာမတစ်ဦး၊အရံသားဖွား တစ်ဦးနှင့် ဆေးကြီးကြပ်(၂) တစ်ဦးရှိသည်။ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုအ သင့်အတင့်ရှိသည်။ လျှပ်စစ်မီးမရှိသောကြောင့်သားဖွားရာတွင်အခက်အခဲရှိသည်။

သောက်ရေအတွက် ရေကန်မှလက်နှိပ်ရေတုံကင်များတပ်ဆင်သုံးစွဲကြပြီးသုံးရေလုံလောက် မှုရှိပြီး နွေရာသီတွင် သောက်ရေအခက်အခဲအနည်းငယ်ရှိပါသည်။ချမ်းသာသောအိမ်ထောင်စုများ က အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ကြပြီးကျန်အိမ်ထောင်စုများက ဓနိမိုး၊ဓနိကာ၊ပျဉ်ကာ၊ထရံ ကာဖြင့်ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲကြသဖြင့်ရေကြောင့်ဆက်စပ်ဖြစ် ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင် လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းအနေအထားမှာကောင်းမွန်ပြီး လမ်းများကို ၂၀၀၆ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပြုလုပ်ခဲ့ပါသည်။ တစ်နှစ်ပတ်လုံးသုံးနိုင်ပြီးလမ်းအရှည်မှာ စုစုပေါင်း(၁.၅)မိုင်ရှိသည်။ ရွာချင်းဆက်လမ်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီးအကျယ်(၃')အရှည်(၁.၂)မိုင်ရှိ သည်။ လမ်းအမျိုးအစားအားလုံးမှာ ကွန်ကရစ်လမ်းဖြစ်ပြီးကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုလုပ်ခဲ့ကြသည်။ကျေးရွာတွင်ချောင်းရှိသဖြင့် မိုးရာသီတွင် ရေလမ်းခရီးအသုံးပြုမှုအနည်းငယ်ရှိ သည်။လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၂၀၄)စီး၊စက်ဘီး(၉၆)စီး၊ မော်တော် (၇)စီး၊ကား(၅)စီး၊ထော်လာကျီ (၁၆)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။ အဓိကအားဖြင့်မော်တော် ဆိုင်ကယ်ကို အသုံးများသည်။ကား(၅)စီးတွင် ၊ဖောကား(၄)နှင့် ထရက်ကား(၁)စီးဖြစ်သည်။ယင်း တို့ကိုရောင်းဝယ်ရေးလုပ်ငန်းတွင်အသုံးပြုသည်။

ကျေးရွာတွင်လူကူးတံတား(၅)စင်းရှိပြီး၊ အုတ်ဘောင်ခတ်သစ်သားတံတားများဖြစ်သည်။ အရွယ်အစားမှာ ပျမ်းမျှအရှည် (၈')အကျယ် (၄')ဖြစ်သည်။ အများအားဖြင့်မိုးရာသီတွင်သာအသုံး ပြုသည်။ချောင်းကူးတံတားအနေဖြင့်ခရမ်းမြို့နယ်နှင့် ကဝမြို့နယ်နယ်ခြားချောင်းကူးတံတားတစ် စင်းရှိပြီးအကျယ်(၉')နှင့်အရှည် (၅၀')ရှိသည်။ ၂၀၁၂ ခုနှစ်တွင် ဆည်မြောင်းနှင့်ကျေးရွာမှ ပူး ပေါင်းဆောက်လုပ်ထားပါသည်။

ကျေးရွာတွင်ဆိုလာအသုံးပြုသော အိမ်ထောင်စု (၁၅၆)စု ၊ဒီဇယ်၊အင်ဂျင်အသုံးပြုသော အိမ်ထောင်စု(၂၈)စုနှင့် အခြားဘတ္ထရီမီး ၊ဖရောင်းတိုင်မီး အသုံးပြုသောအိမ်ထောင်စု (၁၆၂)စုရှိပြီး

11KV ခါတ်အားလိုင်းနှင့်ကပ်လျက်ရှိသော်လည်း လျှပ်စစ်မီးမရရှိသေးပါ။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဂန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုမှုအသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင်စာကြည့်တိုက်လည်းရှိပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းအချက်အလက်မှာအတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။သို့သော်ရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်းချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည်အပိုင်ရဲခင်းနှင့်(၇)မိုင်ခန့်အကွာတွင်တည်ရှိပြီးသွားလာရအသင့်အတင့်လွယ်ကူသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသော်လည်း11KV ခါတ်အားလိုင်းနှင့်နီးပါသည်။ နိုင်ငံတော်မှပံ့ပိုးကူညီပေးလျှင်အစဉ်ပြေနိုင်ပါသည်။ လျှပ်စစ်မီးရရှိပါကကျေးရွာ၏လူနေမှုအဆင့်အတန်းပညာရေး၊ကျန်းမာရေး၊စက်မှု၊လက်မှုလုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများတွင်လည်းတိုးတက်ကောင်းမွန်လာနိုင်သည်။

လူဦးရေ၏ (၆၅.၃%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်သည်တစ်ရွာလုံးနှင့် ခြံကြည့်လျှင် နည်းပါးနေသေးသော်လည်း အထက်တန်းကျောင်းရှိခြင်းနှင့် ပညာရေးခေတ်ဖြစ်သည့်အတွက် နောက်ပိုင်းတွင် ပိုမိုများပြားလာနိုင်သည်။ ကျေးရွာအတွင်းရှိလူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းသင်တန်းများ ကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကိုတိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသည့်အတွက် ကာကွယ်ဆေးများကိုအပတ်စဉ်လစဉ်ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးပံ့ပိုးပစ္စည်းများလည်းအသင့်အတင့်ကောင်းမွန်ပါသည်။စိုးရိမ်ရသောဆေးဝါးကုသမှုတို့အတွက်လည်း ခရမ်းမြို့ဆေးရုံနှင့်ပဲခူးတိုင်းဒေသကြီးနယ်ချဲ့ဆက်စပ်နေသည့်အတွက်သက္ကလမြို့သို့လည်း သွားရောက်ပြီးဆေးကုသမှုခံယူနိုင်ကြသည်။ကျေးရွာတွင်စာသင်ကျောင်း

နှင့်ပံ့ပိုးရေးပစ္စည်းများလက်ရှိပညာရေးအနေအထားအတွက်အတော်အသင့်ကောင်းမွန်သော အဆင့်တွင်ရှိကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာစပါးနှင့်ဆောင်းသီးနှံများအတွက် အထောက်အပံ့ဖြစ်သည်။နီးစပ်ရာမြို့ပေါ်နှင့်ဆက်စပ်၍ သွားလာရန်လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ရှိသည်။

ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး ဂက်နှင့်ကြက်ကို ပိုမိုမွေးမြူကြသည်။၄င်းတို့ကို ကျေးရွာတွင်လွယ်ကူစွာ ရောင်းချနိုင်သည်။သို့သော် မွေး/ကုဋီးစီးဌာန နမှလိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်းတိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတား‌နှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။ထို့အပြင်ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်ရှိသော ဖျက်ပိုးများလည်းပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခေတ်မီစိုက်ပျိုးရေးနည်းပညာလမ်းညွှန်မှုများလည်းထိထိရောက်ရောက်မရှိသည့်အပြင်လယ်သမားများအနေဖြင့်လည်းစိုက်ပျိုးရေးနည်းပညာဗဟုသုတ နည်းပါးပြီးသမရိုးကျစိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးနေကြသည်။လယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနိမ်နင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ကျေးရွာတွင်ငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်းမှာအတန်ငယ်မြင့်မားသည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိသေးပါ။ ဘဏ်ချေးငွေမှာလယ်သမားများအတွက်သာရရှိပြီး လယ်ယာမဲ့များအတွက်ချေးငွေရရှိနိုင်မှုအခွင့်အလမ်းနည်းပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်မရရှိပါ။ ရာသီအလိုက် လုပ်ကိုင်ရသောလုပ်ငန်းများသာရှိပြီးအလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းနည်းပညာအထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ကျေးရွာလူထုကိုယ်တိုင်လာမည့်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာတွင်လျှပ်စစ်မီးနှင့်ကောင်းမွန်သော ကုန်ထုတ်လမ်းရရှိခဲ့လျှင် ကျွန်ုပ်တို့ကျေးရွာလူထုသည်အသေးစား စက်မှုလုပ်ငန်းကုန်ထုတ်လုပ်ငန်းတိုးမြှင့်ခြင်းအသက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားနှင့်ပညာရေးတွင်လည်းထူးချွန်သော ပညာတတ်များပေါ်ထွန်းလာစေမည်။ကျန်းမာရေးတွင်လည်း ယခုထက်မကပိုမိုကောင်းမွန်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) လျှပ်စစ်မီးနှင့်ကောင်းမွန်သော ကုန်ထုတ်လမ်းရရှိလျှင် အသေးစားစက်မှုလုပ်ငန်းအပ်ချုပ်၊ စာထိုးပန်းထိုး၊ဆံပင်ညှပ်၊စက်ပြင်၊မိုဘိုင်းဖုန်းပြင် ၊မော်တော်ဆိုင်ကယ်ပြင်သင်တန်းများတက်ရောက်ရန်သင်တန်းသားများကို စီစဉ်ပေးသည်။ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းထူထောင်နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။ ကျေးရွာအတွင်းရွာတွင်းလမ်းနှင့် ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အအုံများတိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည် ။ကောင်းမွန်သော ကုန်ထုတ်ကားလမ်းရှိလျှင် နွေ၊မိုး၊ဆောင်းသုံးရာသီလုံးသွင်းကုန် ထုတ်ကုန်များကို မြို့ပေါ်နှင့် တိုက်ရိုက်ချိတ်ဆက်ပြီးစျေးကောင်းရရှိရန်ဆောင်ရွက်ပေးမည်။ တိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် မြေနေရာများလည်းအသင့်အတင့်ရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ပညာရေးတွင်လည်း ခေတ်မီတိုးတက်သော ပညာရေးဖြစ်စေရမည်။ သို့ဖြစ်၍ ကျေးရွာတွင်စီးပွားရေးလှုပ်ရှား၊ ကျန်းမာရေး ၊ပညာရေးဆိုင်ရာလုပ်ငန်းများကို ယခုထပ်မကအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်တိုက်တွန်းအားပေးဆောင်ရွက်မည်။ ကျွန်ုပ်တို့ကျေးရွာကိုလည်း စံပြကျေးရွာဖြစ်အောင်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအ စဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးနှင့် ပဲကို အဓိက စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာန မှဝန်ဆောင်မှုများကိုရသော်လည်းစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိကအရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာမှာ လျှပ်စစ်မီးမရရှိသည့်အတွက် အကောင်အထည်မဖော်နိုင်သေးပါ။လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းနည်းပါးနေသေးသည်။ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် နည်းပါးနေသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြား

နေသောလုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရန် ခက်ခဲပါသည်။ ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များလည်း အဆင်သင့်မရှိသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့် လည်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုသင်တန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်

အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထရန်ကန်ကျေးရွာအုပ်စု၊အောက်ကျင်းကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေး					
လမ်း၊တံတားကောင်းမွန်လာစေရေး	၁။ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်လာစေရေး	၁၀၀	၁	• အောက်ကျင်း-ထရန်ကန်-ဦးဖော့လုံးတဲစုလမ်းအားကုန်ထုတ်လမ်း၊ဆက်သွယ်ရေးလမ်းအဖြစ်ပြုပြင်တည်ဆောက်ပေးခြင်း • ကျေးရွာတွင်းလမ်းများအားကွန်ကရစ်ခင်းခြင်း • အောက်ကျင်းကျေးရွာနှင့်ဆက်စပ်နေသောကျေးရွာများအားကျေးရွာချင်းဆက်လမ်းခင်းပေးခြင်း • အောက်ကျင်းကျေးရွာ(ရွာလယ်တံတား)တည်ဆောက်ခြင်း	• ကျေးလက်/ဦးစီး
ကျန်းမာရေးကဏ္ဍ					
ကျန်းမာရေးတိုးတက်လာစေရေး	၂။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၉၃	၂	• ကျေးလက်ဆေးပေးခန်းအားတစ်ဆင့်မြင့်ကျန်းမာရေးဌာနတည်ဆောက်ပေးခြင်းနှင့် ဝန်ထမ်းအင်အားတိုးချဲ့ခြင်း • ယင်လုံအိမ်သာများဆောက်လုပ်အသုံးပြုရန်တိုက်တွန်းခြင်း • ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	•
လျှပ်စစ်ဓါတ်အားသုံးစွဲရေး					
လျှပ်စစ်မီးရရှိရေး	၃။ လျှပ်စစ်မီးရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း	၈၅	၃	• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန် • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြခြင်း	•
ပညာရေးကဏ္ဍ					
ကလေးပညာရေးဖွံ့ဖြိုးရေး	၄။ ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၈၀	၄	• ကိုယ်ထူကိုယ်ထမူကြိုကျောင်းနှင့်ကလေးအားကစားကွင်းတည်ဆောက်ခြင်း • ကွန်ပျူတာခန်းများနှင့်ဆက်စပ်ပစ္စည်းကျောင်းသားများအသုံးပြုနိုင်ရေးစီစဉ်ပေးခြင်း • ယင်လုံအိမ်သာများတိုးချဲ့တည်ဆောက်ခြင်း	•

				• ဆရာ/မအင်အားထပ်မံတိုးခန့်ထားပေးရေး	
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း					
ချေးငွေလက်လှမ်းမှီရေး	၅။ သင့်တင်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည်အဖွဲ့များနှင့်ချိတ်ဆက်ရေး	၈၀	၄	• ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း • အတိုးနှုန်းသက်သာပြီးကာလရှည်ထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ခြင်း • ချေးငွေအတွက်လိုအပ်သော အထောက်အထားများပြင်ဆင်ခြင်း	•
စိုက်ပျိုးရေးကဏ္ဍ					
အခြေခံအဆောက်အဦးနှင့်နည်းပညာသင်တန်း	၆။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၅	၆	• စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန် • ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း • မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း • စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ) • ဈေးကွက်ဆန်းစစ်ခြင်းနှင့်တန်ဖိုးမြင့်ထုတ်ကုန်ဈေးကါက်သို့တတ်လှမ်းခြင်း • ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန်ပုဂ္ဂလိုလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	•
အခြားဝင်ငွေရလုပ်ငန်းများ					
သင်တန်းပေးခြင်းလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၇။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၇၃	၇	• BusiinessDevelovment သင်တန်းများနှင့်ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း • ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းပညာများပေးခြင်း(အလှပြင်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာကိုတိုးတက်ဖွံ့ဖြိုးရေး	• ကျေးလက်/ဦးစီး
လူငယ်/ယဉ်ကျေးမှုနှင့်အားကစား					
လူငယ်များစွမ်းဆောင်ရည်တိုးတက်	၈။ လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေ	၆၅	၈	• အခြေခံခေါင်းဆောင်မှုသင်တန်း • အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း	• ကျေးလက်/ဦးစီး

လာစေရေး				• ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း	
မွေးမြူရေးနှင့်ရေလုပ်ငန်း					
ဈေးကွက်နှင့်နည်းပညာသင်တန်း	၉။ မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး	၆၃	၉	• ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြှင့်တင်ရေး • ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အားနားလည်မှုစွမ်းရည်မြှင့်တင်ရေး	• ကျေးလက်/ဦးစီး
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး					
သောက်သုံးရေလုံလောက်စွာရရှိရေး	၁၀။ ကျေးရွာ၏သောက်သုံးရေကိစ္စအဆင်ပြေစေရေး	၆၂	၁၈	• ကျေးရွာရှိသောက်သုံးရေကန်များအားခြံစည်းရိုးခတ်ပေးခြင်း • ရွာလူထုမှပူးပေါင်းပါဝင်မှုရယူခြင်း • သောက်သုံးရေကန်နှင့်ဝေးသောအိမ်ထောင်စုဆင်းရဲသားများအားလက်နှိပ်ရေတုံကင်များတပ်ဆင်ပေးရေး • ပုဂ္ဂလိကအလှူရှင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	• ကျေးလက်/ဦးစီး
အုပ်ချုပ်ရေးကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁၁။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး	၆၀	၁၁	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းတည်ဆောက်ခြင်း • အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများစီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း	• ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၁					
၂	ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။	၂					
၃	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၃					
၄	လရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး	၄					
၅	ကျေးရွာ၏ သောက်သုံးရေကိစ္စအစဉ်ပြေရေး	၅					
၆	ကျေးရွာ၏ ပညာတက်မြောက်မှုတိုးတက်ရေး	၆					
၇	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၇					
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၈					
၉	လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၉					
၁၀	မွေးမြူရေးဆိုင်ရာတိုးတက်ရေး	၁၀					

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၂	ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။					
၃	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသု တကျွမ်းကျင်မှုများတိုးတက်ရေး					
၄	သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၅	ကျေးရွာ၏သောက်သုံးရေကိစ္စအစဉ်ပြေရေး					
၆	ကျေးရွာ၏ပညာတက်မြောက်မှုတိုး တက်ရေး					
၇	အလုပ်အကိုင်အခွင့်အလမ်းများပြား လာစေရေး					
၈	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး					
၉	လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးရေး					
၁၀	မွေးမြူရေးဆိုင်ရာတိုးတက်ရေ					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအပြောင်းအလဲနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦးဒ္ဒကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူ

ပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင်

အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။
ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	**လမ်းပန်းဆက်သွယ်ရေး**					
	• ရွာတွင်းလမ်းများမကောင်းခြင်း၊ • ရွာချင်းဆက်မြေသားကန်သင်းလမ်းသာရှိခြင်း၊ • တံတားများခိုင်ခံ့မှုမရှိခြင်း၊ ပျက်စီးနေခြင်း၊ • ကျေးရွာကုန်ထုတ်လမ်းမရှိခြင်း၊	• ရွာသူ/သားများ ငွေကြေးမတတ်နိုင်ခြင်း၊ • ပြုပြင်ထိန်းသိမ်းမှုနည်းပါးခြင်း၊ • ရွာချင်းဆက်မြေသားလမ်းများဖြစ်ခြင်း၊	• ရွာသားများညီညွတ်မှုရှိခြင်း၊ • အုတ်၊သဲ၊ကျောက်၊ဘိလပ်မြေအလွယ်တကူ ဝယ်ယူရနိုင်ခြင်း၊ • ကုန်ထုတ်လမ်းဖောက်လုပ်ရန် မြေနေရာရှိခြင်း၊	• လမ်း/တံတားအခြေခံအဆောက်အအုံများအတွက် နည်းပညာငွေကြေးလက်လှမ်းမမှီခြင်း၊ • အစိုးရမှ ပံ့ပိုးမှုမရရှိခြင်း၊	• လမ်းကော်မတီများဖွဲ့စည်းခြင်းကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရွာတွင်းလမ်းများအားကွန်ကရစ်လမ်းခင်းခြင်း၊ • ရွာချင်းဆက်လမ်းများအဆင့်မြင့် ပြုပြင်ဖောက်လုပ်ခြင်း၊	• မြေသားလမ်း၊ တံတားများအားကွန်ကရစ်လမ်းခင်းခြင်း၊ ဆောက်လုပ်ခြင်း • လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း၊ • လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ • ကုန်ထုတ်လမ်းဖြစ်အောင်ဆောင်ရွက် ရေး။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၂	**လျှပ်စစ် မီးလင်းရေး**					
	• လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း၊ • ဆိုလာ/ဘက်ထရီများမသုံးစွဲနိုင်ခြင်း၊ ချက်ပြုတ်ရန်ထင်းအတွက် ခက်ခဲမှုရှိခြင်း၊	• ဆင်းရဲသားများ၌ငွေကြေးမတတ် နိုင်ခြင်း၊ လျှပ်စစ်ဓါတ်အားလိုင်းနှင့် ဝေးကွာ၍လက်လှမ်းမမှီခြင်း၊ • သစ်ပင်များပြုန်းတီးလာခြင်း။	• ဆိုလာဘက်ထရီမီးများအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ • ဒီဇယ်၊ အင်ဂျင်စက်မှ လျှပ်စစ်မီးထုတ်ယူနိုင်ခြင်း၊	• လျှပ်စစ်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာခြင်း၊ • ငွေကြေးမတတ်နိုင်ခြင်း၊ • စွန့်ပစ်ဇီဝအမှိုက်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသုံးစွဲနိုင်သည့်နည်းစနစ် မရှိခြင်း။	• မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း၊ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • အရစ်ကျစနစ်ဖြင့် ဆိုလာ၊ ဘက်ထရီ၊ အင်ဗာတာများ ရရှိအောင် ဆောင်ရွက်ခြင်း။	• ကျေးရွာမီးလင်းရေး၊ • ဆိုလာဘက်ထရီမီးများအသုံးပြုနိုင်ရေး၊ • မဟာဓါတ်အားလိုင်းမှ မီးသွယ်တန်းနိုင်ရေး။
၃	**လယ်ယာစိုက်ပျိုးရေး**					
	• စိုက်ပျိုးမြေနည်းပါးခြင်း၊ • မျိုးကောင်း/သန့်ရှင်းချယ်မစိုက်ပျိုးနိုင်ခြင်း၊ • ဓါတ်မြေဩဇာအသုံးပြု	• လုပ်သားအင်အားရှားပါးခြင်း၊ • ခိုင်းကျွဲနွားမပြည့်စုံခြင်း၊ • စက်ကိရိယာများ	• ခေတ်မီစက်ကိရိယာများရှိခြင်း၊ • ဓါတ်မြေဩဇာဆေးကုမ္ပဏီများရှိခြင်း၊ • အစိုးရမှ စိုက်ပျိုးစရိတ်	• ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများဈေးနှုန်းမြင့်မားခြင်း၊ • ရာသီထွက်သီးနှံ	• ရေနူတ်မြောင်းများတူးဖော်ခြင်း၊ • အစိုးရမှစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိအောင်	• လယ်ယာသုံးစက် ကိရိယာများအရစ်ကျစနစ်ဖြင့်ဝယ်ယူ/ ငှားရမ်းနိုင်ရန် ချိတ်ဆက်ဆောင် ရွက်ခြင်း၊ • မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက် ခြင်း၊

	မှုအားနည်းခြင်း၊ • နည်းပညာအသုံးပြုမှုအားနည်းခြင်း၊ • အချိန်မီထွန်ယက်စိုက်ပျိုးရိတ်သိမ်းမှုများမပြုလုပ် နိုင်ခြင်း။	လုံလောက်မှုမရှိခြင်း၊ • စနစ်တကျစိုက်ပျိုးမှုမရှိခြင်း၊ • တောင်သူများဆင်းရဲခြင်း၊ • ရေနှုတ်မြောင်းမဖောင်းခြင်း။	ချေးငွေများထုတ်ချေးခြင်း၊ • ထွက်ကုန်ပစ္စည်းအားအလွယ်တကူရောင်းနိုင်ခြင်း၊ • လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်သည့် ကုမ္ပဏီများရှိခြင်း။	တစ်မျိုးတည်းကိုသာထပ်တလဲလဲစိုက်ပျိုးနေခြင်း၊ • အစိုးရမှချေးငွေများအချိန်မီမရရှိခြင်း၊ • စက်ကိရိယာများလက်လှမ်းမမီခြင်း • စိုက်ပျိုးစရိတ်ကြီးမားခြင်း၊ • စိုက်ပျိုးသီးနှံများလေလွင့်ဆုံးရှုံးမှုများခြင်း	ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • လယ်ယာစိုက်ပျိုးရေးစက်ကိရိယာများအရစ်ကျစနစ်ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ • အရည်အသွေးပြည့်ဝသည့် ခါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများရရှိအောင်ဆောင်ရွက်ခြင်း၊	• စိုက်ပျိုးရေးနည်းပညာဗဟုသုတများရရှိအောင်ဆောင် ရွက် ခြင်း၊ • စိုက်ပျိုးစရိတ် ချေးငွေများအချိန်မီရရှိအောင်ဆောင် ရွက်ခြင်း။
၄	မွေးမြူရေး					
	• မွေးမြူရေးနှင့်သက်ဆိုင်သည့်နည်းပညာဗဟုသုတအားနည်းခြင်း • ရောဂါကျရောက်မှုများခြင်း၊ • မြေနေရာအခက်အခဲရှိခြင်း၊	• ငွေကြေးမတတ်နိုင် ခြင်း၊ • ရောဂါကျရောက်မှုတို့ကိုတားဆီးကာကွယ်နိုင်သည့် နည်းပညာဗဟုသုတအားနည်းခြင်း၊ • အစာဈေးနှုန်းမြင့်	• မြို့နယ်တိ/မွေးကုဋီစီးဌာနများရှိခြင်း၊ • အလွယ်တကူရောင်းနိုင်သည့် ဈေးကွက်ရှိခြင်း၊ • မွေးမြူရေးသားပေါက်များအလွယ်တကူပယ်ယူနိုင်ခြင်း၊ • မွေးမြူရေးနှင့်ပတ်သက်သ	• မွေးမြူရေးလုပ်ကိုင်ရန်ချေးငွေထုတ်ချေးသည့်စနစ်မရှိခြင်း၊ • မွေးမြူရေးနည်းပညာအားနည်းခြင်း၊	•မွေးမြူရေးအတွက်ချေးငွေများရရှိနိုင်အောင်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ •ပုံမှန်ကာကွယ်ဆေးများထိုးနှံခြင်း •နည်းပညာပန်	• မွေးမြူရေးလုပ်ကိုင်နိုင်ရန်ချေးငွေများရရှိအောင်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • သားငါးပေါက်များရရှိအောင်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ • စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နိုင်ရန် ပန်ဆောင်မှုများရရှိ အောင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်။

		မားခြင်းကြောင့် ဈေးကွက်တွက်ခြေမကိုက် ခြင်း၊	ည့် အစာများအလွယ်တကူဖယ် ယူရရှိနိုင်ခြင်း၊	• ရောဂါကျရောက်မှုများကိုထိရောက်စွာမတားဆီးနိုင်ခြင်း၊ • ငွေကြေးမတတ်နိုင်ခြင်း၊ • စီ:ပွားဖြစ်မွေးမြူေဆာင်ရွက်ရန်အားနည်းခြင်း၊	ဆောင်မှုများရရှိေဆာင် ဆောင်ရွက်ခြင်း၊ •မွေး/ကုဉီးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊	
၅	သောက်သုံးရေသန့်ရရှိရေး					
	• သောက်သုံးရေမသန့်ရှင်းခြင်း၊ • သောက်သုံးရေကန်များတိမ်ကောလာခြင်း • သောက်သုံးရေမလုံေကာက်ခြင်း၊	• သောက်သုံးရေကန်များခြံစည်းရိုးခတ်ထားခြင်းမရှိခြင်း၊ • ကျွဲ/နွားတိရိစ္ဆာန်များဆင်းခြင်း၊ • ပြုပြင်ထိန်းသိမ်းမှုမရှိခြင်း၊ • ရာသီဥတုဖောက်ပြန်၍ အပူရှိန်မြင့်မားလာခြင်း၊ • ရေကိုလိုသည်ထက်ပို၍စည်းကမ်းမဲ့စွာသုံးစွဲခြင်း။	• ကန်ဟောင်းများပြုပြင်ရန်စက်ကိရိယာများရှိခြင်း၊ • ကန်သစ်ဖောက်လုပ်ရန်မြေနေရာရှိခြင်း၊	• ငွေကြေးမတတ်နိုင် ခြင်း၊ • အဝီစိစက်ရေတွင်းများတပ်ဆင်ထားမှုမရှိခြင်း၊ • စုပေါင်းပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ • ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊	• သောက်သုံးရေကန်များခြံစည်းရိုးခတ်ခြင်း၊ • ကန်ဟောင်များထပ်မံတူးဖော် ခြင်း၊ • ကန်သစ်တူးခြင်း၊ • ကျွဲ/နွားတိရိစ္ဆာန်များဆင်းခြင်းကိုဥပဒေအရတင်းကြပ်စွာအရေးယူမှုပြုလုပ်ခြင်း။	• သောက်သုံးရေဖူလုံစွာရရှိရေး၊ • စက်ရေတွင်းများတူးဖော်နိုင်ေး၊ • သောက်သုံးရေကန်များခြံစည်းရိုးခတ်ခြင်း၊ • တိရိစ္ဆာန်များဆင်းခြင်းမှကာကွယ်ထိန်းသိမ်းခြင်း၊

၆	ပညာရေး					
	• တတ်မြောက်မှုအရည်အသွေးအားနည်းခြင်း၊ • ကျောင်းသုံးပရိဘောဂမလုံလောက်ခြင်း၊ • ကျောင်းအားကစားကွင်းမရှိခြင်း၊ • ကျောင်းအဆောက်အအုံများပျက်စီးခြင်း၊ • ကျောင်းခြံစည်းရိုးမရှိခြင်း၊	• သဘောပေါက်နားလည်သည်အထိမရှင်းပြနိုင်ခြင်း၊ • ကျောင်းအဆောက်အအုံများဟောင်းနွမ်းယိုယွင်းလာခြင်း၊ • ကျောင်းဆောင်သစ်မတိုးချဲ့နိုင်ခြင်း၊	• အစိုးရမှ ပညာရေးအခမဲ့စနစ် ရှိခြင်း၊ • ကျောင်းအားကစားကွင်းဆောက်ရန် မြေနေရာရှိခြင်း၊ • ကျောင်းအကျိုးဆောင်ကော်မတီရှိခြင်း၊ • ပညာရေးဌာနများရှိခြင်း၊ • ရွာမှလုပ်သားအင်အားရှိခြင်း၊	• မိဘဆရာအသင်းရန်ပုံငွေမရှိခြင်း၊ • ရွာသားများဆင်းရဲခြင်း၊ • ပညာရေးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊	• ပညာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • မိဘဆရာအသင်းရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်း၊ • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊	• မိဘဆရာအသင်းရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်း၊ • စာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂများပြည့်စုံမှုရရှိစေရန် ဆောင်ရွက်ခြင်း၊ • ပညာတက်မြောက်မှုအရည်အသွေးတိုးတက်အောင် ပညာရေးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ • ကျောင်းဆောင်သစ်တိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်း။

၇	စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ					
	• ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊	• စက်ရုံအလုပ်ရုံများမရှိခြင်း၊ • စွန့်ဦးတည်ထွင်မှုမြှင့်တင်လုပ်နိုင်ခြင်း၊ • အလုပ်လုပ်နိုင်သူများပြီးလုပ်ငန်းပေးနိုင်သူမရှိခြင်း၊	• မြို့ပေါ်တွင် စက်ရုံအလုပ်ရုံများရှိခြင်း၊ • ဆောက်လုပ်ရေးဆိုင်ရာအလုပ် ရုံများရှိခြင်း၊ • ပန်ကျော့စက်ပြင်အလုပ်ရုံများရှိခြင်း၊	• လုပ်ငန်းထူထောင်ရန် ငွေအရင်းအနှီးမတတ်နိုင်ခြင်း၊ • ကျပန်းအလုပ်သမားများအတွက် လုပ်ငန်းမပေးနိုင်ခြင်း၊	• အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိလာနိုင်စေရန်ဖန်တီးပေးခြင်း၊	• အသေးစားအထည်ချုပ် စက်ရုံနှင့် စက်မှုလုပ်ငန်းစက်ရုံအလုပ်ရုံများ ထူထောင်ခြင်း၊ • အသေးစားလုပ်ငန်းများအတွက် သင့်တော်သည့် အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးသောအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
၈	ကျန်းမာရေး					

	• ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းမရှိခြင်း၊ ရာသီအလိုက်ရောဂါ ဖြစ်ပွားတတ်ခြင်း၊ • ဆေးမှီးတိုများဖြင့်ကု သနေခြင်း၊	• ပတ်ဝန်းကျင်ကျေး ရွာများတွင် ဆေးခန်းရှိနေခြင်း၊ ကျန်းမာရေးဗဟုသု တအားနည်းခြင်း၊ • ငွေကြေးမတတ်နိုင် ခြင်း၊	• မြို့နယ်ဆေးရုံနှင့်၅မိုင် သာကွာဝေးခြင်း၊ • ကျန်းမာရေးစောင့်ရှောက်မှုများ အခါအခွင့်သင့်တိုင်းပြုလုပ် ပေးခြင်း၊ • ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြ င်း၊	• ဆေးရုံဆေးခန်း သွားရန်စိုးရိမ်ခြင်း၊ • အလွယ်တကူကျ န်းမာရေးစောင့်ရှော က်မှုမပြုလုပ်နိုင် ခြင်း၊ • မကြာခဏာရောဂါ ဖြစ်ပွားတတ်ခြင်း၊	• ကျန်းမာရေးဝန် ဆောင်မှုများရရှိအောင် ဆောင်ရွက်ခြင်း၊ • ရာသီအလိုက်ရောဂါ ဖြစ်မှုကိုကြိုတင်ကာကွ ယ်မှုများပြုလုပ် ဆောင်ရွက်ခြင်း၊ • ကျွမ်းကျင်သောဆရာမျ ားနှင့်သာပြသခြင်း၊	• ကျေးလက်ဆေးပေးခန်းတစ်ခုရရှိအေ ာင်ဆောင်ရွက်ခြင်း၊ • ကျန်းမာရေးအသိပညာပေးဟောပြော ပွဲများပုံမှန်ပြုလုပ်ဆောင် ရွက်ခြင်း၊ • မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း။
၉	လူငယ်ဖွံ့ဖြိုးရေး					
	• လူငယ်များအတွက်အလု ပ် အကိုင်အခွင့်အလမ်းရှားပါ ားခြင်း၊ • စာဖတ်သည့်အလေ့အထ အားနည်းခြင်း၊ • အားကစားကွင်းသီးသန့် မရှိခြင်း။	• စက်ရုံအလုပ်ရုံနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမရှိခြင်း၊ • အခြားအချိန်ဖြုန်းစ ရာများစွာရှိနေခြင်း။ • အချိန်မပေးနိုင်ခြင်း ၊	• မြို့ပေါ်တွင်အသက်မွေးဝမ်း ကျောင်းမှုဆိုင်ရာပညာရပ်များ သင်ယူနိုင်ခြင်း၊ • အလုပ် လုပ်ကိုင်နိုင်ခြင်း၊	• အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာရပ်များလက် လှမ်းမမှီခြင်း၊ • သီးသန့်ကစားရန် အားကစားကွင်းမရှိ ခြင်း၊ • ဆင်းရဲနွမ်းပါး ခြင်း၊	• အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများလုပ်ကိုင် နိုင်ရန်ဖန်တီးပေးခြင်း၊ • ကျေးရွာစာကြည့်တိုက် ထူထောင်ခြင်း၊	• အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အတတ်ပညာသင်တန်းကျောင်းများ တက်ရောက်သင်ယူနေခြင်း၊ • စာပေးဟောပြောပွဲများကျင်းပပေးခြင် း၊ • အားကစားကွင်းများပြုလုပ် ပေးခြင်း။
၁၀	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
	• ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများအား လက်လှမ်းမှီခြင်း၊ • အတိုးနှုန်းမြင့်မားစွာရှာ ဖွေသုံးရခြင်း၊	• မြန်မာ့စိုက်/ဘဏ်မှ စိုက်ပျိုးစရိတ်ရင်းနှီ းငွေနှောင့်နှေးခြင်း ၊ • ဆင်းရဲသားငွေချေး လိုသူများအတွက် ကန့်သတ်မှုအခက်	• မြန်မာ့စိုက်/ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများထု တ်ချေးခြင်း၊ • အသေးစားငွေချေးဘဏ်များ သမဝါယမအသင်းများရှိခြင်း ၊	• မြန်မာ့စိုက်ဘဏ် နှင့်သမဘဏ်အဖွဲ့ များရှိသော်လည်း ကန့်သတ်မှုရှိခြင်း၊ • ငွေတိုးချေးစားသူမ ျားအတိုးနှုန်းမြင့် မားခြင်း၊	• သင့်တင့်သောအတိုးနှုန် းဖြင့် ကာလရှည်ချေးငွေများ ရရှိအောင်ဆောင်ရွက် ခြင်း၊ • အသေးစားငွေချေးလုပ် ငန်းရှင် များနှင့် ချိတ်	• ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း၊ • တပိုင်တနိုင် မွေးမြူရေး၊အသက် မွေးဝမ်းကျောင်းလုပ်ကိုင်လို သူများအတွက် ချေးငွေရရှိအောင် ချိတ်ဆက် ဆောင်ရွက်ခြင်း။

		အခဲရှိခြင်း၊		• အသေးစားငွေချေးလုပ်ငန်းများကျေးရွာများသို့ ဝန်ဆောင်မှုမပေးနိုင်ခြင်း၊	ဆက် ဆောင်ရွက်ခြင်း၊	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၅	၁၄	၁၉	၁.၂
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၅၀	၅၂	၁၀၂	၆.၆
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၆၀	၄၉	၁၀၉	၇.၁
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၁	၈၄	၁၅၅	၁၀.၁
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၈၄	၅၂၂	၁၀၀၆	၆၅.၃
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၆၈	၈၂	၁၅၀	၉.၇
စုစုပေါင်း လူဦးရေ		**၇၃၈**	**၈၀၃**	**၁၅၄၁**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု -၃၄၆		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကလေးမွေးဖွားမှုနှုန်းနည်းပါးပြီးကျန်လူဦးရေအချိုးအစားညီညွတ်မျှတပါသည်။ စုစုပေါင်းလူဦးရေကျား (၇၃၈) ၊မ (၈၀၃)၊ ပေါင်း(၁၅၄၁) ဦးရှိပြီး တစ်အိမ်ထောင်တွင် ပျမ်းမျှဦးရေ (၅)ဦးရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၁၄၆	၄၂.၁	၅၇	၇၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၆၂	၄၆.၈	၅၉	၇၀	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၆	၂	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၃	**ငါးဖမ်း လုပ်ငန်း**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၈	၂.၃	၇	၃	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃	၀.၈၆	၃		
၉	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၃.၈	၁၅	၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃	၀.၈၆	၃	-	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၃	-	၁	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊	၈	၂.၃	၁		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း	၃၄၆	၁၀၀	၁၄၇	၁၅၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးကိုအဓိကလုပ်ငန်း အဖြစ်လုပ်ကိုင်သည်ကို တွေ့ရှိရပြီးထိုလုပ်ငန်းကိုလုပ်ကိုင်သော အလုပ်သမားလူဦးရေများပြားပါသည်။ အခြားအစိုးရဝန်ထမ်းနှင့်စက်ရုံ၊ နိုင်ငံခြားသွားရောက်လုပ်ကိုင်သူ အထိုက်အလျောက်ရှိပါသည်။ စိုက်ပျိုးရေးကိုလုပ်ကိုင်သူများပြားသော်လည်းရာသီအလိုက်သာ လုပ်နိုင်ခွင့်ရှိပြီး စက်ကိရိယာများအသုံးပြုလာနေဖြင့်နောက်ပိုင်းတွင် ပြင်ပလုပ်ငန်းများကို လုပ်ကိုင်မည့်သူများ တိုးတက်လာမည်ဟုခန့်မှန်းလေ့လာသုံးသပ်မိပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပို၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀		၆၅၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်း၏ (ကျား+မ)တစ်ဦးချင်းတစ်နေ့ရရှိမှု ဝင်ငွေမှာသင့်တင့်မျှတသော်လည်း တစ်နှစ်ပါတ်လုံးနေ့စဉ်ဝင်ငွေရရှိသည့်လုပ်ငန်းမဟုတ်သောကြောင့် စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဆောက် လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ကိုင်သူအနည်းငယ်ရှိပြီးအများဆုံးဝင်ငွေ(၈၀၀၀)နှင့်အနည်းဆုံးဝင်ငွေ(၆၅၀၀)ကျပ်ရရှိပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၂၀၄	သင့်		
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား				
စုစုပေါင်း				

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်မြေဧက(၁၂၀၄)ဧကရှိပါသည်။ မြေဆီလွှာအသင့်အတင့်ကောင်းမွန်မှုကြောင့် စိုက်ပျိုးသီးနှံ များအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)		
အခြား ရင်းမြစ်များ		
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ခက်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝမျိုးစိတ်များအနေဖြင့် ကြွက်၊ ဖား၊ ငါး၊ငှက် အသင့်အတင့်ရှိပြီး အပင်မျိုးစိတ်များအနေဖြင့် မြက်နှင့် ဆေးဖက်ဝင်အပင်အနည်းငယ်ရှိပါသည်။သဘာဝအရင်းမြစ်များလက်လှမ်းမီမှုအခြေအနေခက်ခဲပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ဧက(၂၀-၄၅)	ဧက(၁၀-၂၀)	ဧက (၁-၁၀)	လယ်ယာမဲ့
အိမ်အခြေအနေ	တိုက်၊ ပျဉ်ထောင်	ပျဉ်ထောင်+သွပ်မိုး	ပျဉ်ထောင်+သွပ်မိုး၊ထရံကာ+သွပ်မိုး	ထရံကာ+သွပ်မိုး ထရံကာ+ခနိမိုး
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထွန်စက်၊ရိတ်သိမ်းခြွေလှေ့စက်၊လက်တွန်းခြွေလှေ့၊ထောလာဂျီ၊ရေစုပ်စက်	ထောလာဂျီ၊လက်တွန်း၊နွားလှည်း	လက်တွန်း၊နွားလှည်း	မရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊စက်ဘီး၊ကား	ဆိုင်ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး
အဓိကစီးပွားရေးလုပ်ငန်း	လယ်	လယ်	လယ်၊ကျပန်း၊ စျေးရောင်း	ကျပန်း
အခြားပိုင်ဆိုင်မှု	တီဗွီ၊စလောင်း၊ ဖုန်း	တီဗွီ၊စလောင်း၊ ဖုန်း	တီဗွီ၊ဖုန်း	တီဗွီ၊ဖုန်း
အိမ်ထောင်စု -	၁၀ (၂.၉ %)	၄၂ (၁၂.၁ %)	၁၆၄ (၄၇.၄%)	၁၃၀ (၃၇.၆ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုနည်းပါးပြီးအဆင့်(၃)(၄) များပြားပြီးလက်လုပ်၊လက်စား ၊ကျပန်းအလုပ်သမားများ များပြားကြောင်းတွေ့ရသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၈၈	၁၀၀	လုပ်အားခကြိုထုတ်၍စားသောက်ပါသည်။
၃ လနှင့် ၆ လအောက်			
၆လ မှ ၁၂ လ အထိ			

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဥစ္စာဓန(၃)နှင့် (၄) အိမ်ထောင်စုများတွင်(၃)လအောက်သာဝမ်းစာဖူလုံသောအိမ်ထောင်စု(၈၈)ခုသာရှိပြီးကျန်အိမ်ထောင်စုများမှာနေ့စဉ်လုပ်အားခရမှသာတစ်နေ့နှစ်နပ်စားသုံးနိုင်မည်ဟု တွေ့ရသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သက်ကြီးရွယ်အိုများမှာသားသမီးများထောက်ပံ့ကျွေးမွေးမှုကြောင့် အဆင်ပြေမှုရှိပြီးအမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စုတွင်ဆင်းရဲနွမ်းပါးမှုရှိသော်လည်းမိသားစုဝင်ငွေများမှလုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်သူများရှိသဖြင့်စားဝတ်နေရေးအသင့်အတင့်ရှိ သည်ကိုလေ့လာတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	လက်လုပ်လက်စားကျပန်းအလုပ်သမားများသောကြောင့်
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	လယ်ဧကနည်းသောကြောင့်
၃	ရေကြီးခြင်း	နိမ့်	မိုးများလျှင်တခါတရံရေကြီးတတ်သည်
၄	မိုးခေါင်ခြင်း	နိမ့်	နှစ်စဉ်မိုးများလေ့ရှိပါသည်။
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	နိမ့်	တခါတရံမုန်တိုင်းဝင်ရောက်လျှင်စပါးများပျက်စီးတတ်သည်
၇	ငလျင်	နိမ့်	ရန်ဖန်ရံခါဖြစ်ပေါ်တတ်သည်
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်	သစ်တောမရှိပါ
၁၂	ငှက်ဖျားရောဂါ	နိမ့်	ငှက်ဖျားပိုးသယ်ဆောင်သောခြင်မရှိ
၁၃	တီဘီရောဂါ	နိမ့်	လူနည်းစုတွင်တွေ့ရှိရပါသည်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	-
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	လတ်	ရာသီဥတုဒဏ်ကြောင့်တခါတရံဖြစ်ပွားမှုရှိသည်
၁၇	လူကုန်ကူးခြင်း	နိမ့်	-
၁၈	ဓေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	လတ်	-
၁၉	အခြား	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးလုပ်ငန်းအသင့်အတင့်ကောင်းသဖြင့် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။သဘာဝဘေးအန္တရာယ်အနည်းငယ်ရှိပြီးကျန်းမာရေးနှင့်ပါတ်သက်သောကူးစက်ရောဂါဖြစ်ပွားမှုအနည်းငယ်သာရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုအသင့်အတင့်ရှိပြီးလမ်းပန်းဆက်သွယ်ရေးမှာလည်း မိုးရာသီတွင် အခက်ခဲအနည်းငယ်ရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	မိဘများ၏အုပ်ထိန်းမှုအောက်တွင်ရှိ
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုနည်းသောကြောင့်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသောကြောင့်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	-
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	-
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	-
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	နိမ့်	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	-
၉	ငါးကန်ပိုင်ရှင်	နိမ့်	-
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	အလုပ်ပုံမှန်မရခြင်း၊ဈေးနှုန်းကြီးမြင့်ခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	-
၁၄	ရွှေတွင်းလုပ်သား	နိမ့်	-
၁၅	ဆေးစွဲသူများ	နိမ့်	-
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်	-
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	-
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	-
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	-
၂၀	ကားသမား	နိမ့်	-
၂၁	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု

နည်းပါးပြီး မြေမဲ့ယာမဲ့ဆင်းရဲသားတောင်သူနှင့်လက်လုပ်လက်စားကျပန်းအလုပ်သမားများပေါများသည်ကိုတွေ့ရသည်။ သဘာဝဘေးအန္တရာယ်နှင့် ကူးစက်ရောဂါထူပြောသောအိမ်ထောင်စုနည်းပါးသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
